EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၀

ဇန်နဝါရီ ၈ ရက်၊ ၂၀၁၉

## နိုင်ငံတော်ကထောက်ပံ့သည့် မျိုးစပါးကို စိုက်ပျိုးရေးဌာနရောင်းစားနေကြောင်း တွေ့ရှိ

**ဒီဇင်ဘာ ၁၇၊ ၂၀၁၈**

မြို့နယ်များတွင် စံပြစိုက်ခင်းများထူထောင်ရန် နိုင်ငံတော်က မျိုးစပါး ထောက်ပံ့မှုကို မြို့နယ်တစ်ခု၏ စိုက်ပျိုးရေးဌာနက တောင်သူများအား တစ်ကေလျှင် ကျပ် ၂၅,၅၀၀ နှုန်းဖြင့် ရောင်းစားထားသည်ကို တွေ့ရှိခဲ့ကြောင်း မကွေးတိုင်း လွှတ်တော် စိုက်ပျိုးရေးနှင့်ဆည်မြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌဦးဇော်ဝင်းက ပြောသည်။

ယင်းကော်မတီက ဒီဇင်ဘာ ၄ ရက်ကစတင်ကာ တိုင်းအတွင်းရှိ မြို့နယ်များသို့ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းလေ့လာစဉ် အထက်ပါအတိုင်း တွေ့ရှိခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"နာမည်တော့မပြောချင် သေးဘူး။ မြို့နယ်တစ်ခုဆိုရင် စံပြစိုက်ခင်းအတွက် နိုင်ငံတော်က မျိုးစပါးထောက်ပံ့ပေးထား တာကို တစ်ဧကကို ၂၅,၅၀၀ ကျပ်နှုန်းနဲ့ ရောင်းစားထားတယ်။ ကျွန်တော်တို့ ကော်မတီလာစစ်မယ့် နှစ်ရက်အလိုကျမှ အလကားပေးတာဆိုပြီး ငွေပြန်ပေးတယ်လို့ တောင်သူတွေကပြောပြလို့ သိရှိခဲ့ရတယ်"ဟု ဒီဇင်ဘာ ၁၆ ရက်ကအောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် ပြုလုပ်သောတောင်သူများနှင့်တွေ့ဆုံပွဲ၌ ကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

ယင်းသို့ငွေကြေးကောက်ခံ မှုကို အထက်အဆင့်ဆင့်သို့ တင်ပြမတိုင်ကြားရန် ညှိနှိုင်းနေကြောင်းကြားသိရပြီး မိမိ၏ကော်မတီအနေဖြင့် ဒေသခံတောင်သူများကို လွှတ်တော်သို့ အစီရင်ခံစာရေးသားတင်ပြရန် အကြံပြုခဲ့ကြောင်း ၎င်းကဆိုသည်။

ထို့အပြင် နိုင်ငံတော်က ချထားပေးသည့် ရန်ပုံငွေအချို့လည်း သက်ဆိုင်ရာ မြို့နယ်များသို့ ငွေစာရင်းခေါင်းစဉ်သာ ရောက်ရှိလာပြီး ငွေကြေးအမှန် တကယ်ရောက်ရှိမလာသည့်ဖြစ်စဉ်မျိုး လေ့လာတွေ့ရှိရကြောင်း ကော်မတီဥက္ကဋ္ဌကဆိုသည်။

အသေးစိတ်အခြေအနေကို လာမည့်လွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာတင်ပြမည် ဖြစ်ပြီး ထုတ်ဖော်ပြောကြားလိုခြင်းမရှိသေးကြောင်း ကံမမြို့နယ်တိုင်းလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သူ ဦးဇော်ဝင်းကဆိုသည်။

မကွေးတိုင်းလွှတ်တော် စိုက်မွေးဆည် ကော်မတီအနေဖြင့် မကွေးတိုင်း မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းလေ့လာခဲ့ပြီး လက်ရှိတွင် သရက်ခရိုင်မြို့နယ်များသို့ ကွင်းဆင်းလေ့လာမည်ဟုဆိုသည်။

(ကိုးကား-http://7daydaily.com)

## သတင်းတို

- မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ပိုင် ပစ္စည်းများ ငှားရမ်းခြင်း၊ ရောင်းချခြင်း ဥပဒေကြမ်းရေးဆွဲပြီးကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌဦးတင်အောင်က ပြောသည်။ အခြေခံဥပဒေ ဇယား (၂) ပါ အဆိုပါ ဥပဒေကြမ်းတစ်ရပ်ရေးဆွဲရန် တိုင်းအစိုးရအဖွဲ့ အား တိုက်တွန်းကြောင်း အဆိုကို ၂၀၁၇ ဒီဇင်ဘာတွင် ကျင်းပသော တိုင်းဒေသကြီး လွှတ်တော် အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး၌ အတည်ပြုခဲ့သည်။ ယခုရေးဆွဲထားသော ဥပဒေကြမ်းတွင် အစိုးရပိုင်ပစ္စည်းများ တန်ဖိုးနှုန်းထား သတ်မှတ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းများကို အဖွဲ့အစည်းဖွဲ့၍ ဆောင်ရွက်နိုင်ခြင်းစသည့်အချက်များပါဝင်ပြီး ယခင်ကထက် ပွင့်လင်းမြင်သာစွာ သိရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် လာမည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန် အစည်းအဝေး၌ တင်ပြနိုင်မည်ဟု ယူဆကြောင်း ၎င်းက ပြောသည်။

(ကိုးကား-7daydaily.com)

- ပြည်သူများစိတ်ပျက်အောင် ပြောဆိုလုပ်ဆောင်နေသော လွှတ်တော်ကိုယ်စားလှယ်များကို အရေးယူဆောင်ရွက်မည်ဟု ဒီချုပ်ပါတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွှန့်က ဒီဇင်ဘာ ၂၆ ရက်တွင် ပြောသည်။ ဒီချုပ်ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်ပြီး ယခုအထိ တိုင်ကြားစာ ၄၅၀ ခန့်ရှိနေပြီး ပါတီက ကိုယ်စားလှယ် ၅၀ ဦးကို အရေးယူခဲ့သည်ဟု ၎င်းက ပြောသည်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ ဆောင်ရွက်ချက်များကို မှတ်တမ်းအဖြစ်ပြုစုထားပြီး အပြစ်ပေးအရေးယူခံရသည့် ကိုယ်စားလှယ်များကို ၂၀၂၀ ရွေးကောက်ပွဲတွင် ထပ်မံရွေးချယ်မည်မဟုတ်ကြောင်း ဒေါက်တာမျိုးညွှန့်က ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားထားသည်။

(ကိုးကား- 7daydaily.com)

# ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်၏ လပေါင်းသုံးဆယ် (ဒုတိယပိုင်း)

*(ယခင်အပတ်မှအဆက်)*

ဤသို့ စိစစ်ဖြတ်တောက်နိုင်ခဲ့ခြင်းကြောင့် မလိုအပ်ဘဲ ဘဏ္ဍာငွေများကို သုံးစွဲခြင်းမပြုနိုင်ရန် တားဆီးဆောင်ရွက်နိုင်ခဲ့သည်။ ရခိုင်ပြည်နယ်လွှတ်တော်မှ အစိုးရအဖွဲ့အား စောင့်ကြည့်ထိန်းညှိပေးခဲ့ခြင်းလည်းဖြစ်သည်။ ဖြစ်ပျက်ခဲ့သော အတွေ့အကြုံများ၊ အကြောင်းအရာများကို သင်ခန်းစာရယူပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဝေဖန်ထောက်ပြချက်များကို လေ့လာသုံးသပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုကြောင့်ပင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်းက ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေးသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဖော်ပြအဆိုပြုခဲ့သည့် ရခိုင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သည့် ဌာနအဖွဲ့အစည်း ၂၆ ခုတို့အတွက် သာမန်အသုံးစရိတ် စုစုပေါင်း ၄၆၂၅၉.၅၃၆ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၁၁၇၃၃၈.၃၆၁ သန်း (စုစပေါင်း အသုံးစရိတ် ၁၆၅၃၉၇.၈၉၇ သန်း)ကို အဖြတ်အတောက်မရှိ အတည်ပြုနိုင်ခဲ့ကြောင်း တွေ့ရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်များဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးလက်လမ်း၊ မြို့ပြလမ်းနှင့် မြို့နယ်ချင်းဆက်လမ်း၊ ပြည်ထောင်စုလမ်းများအပါအဝင် လမ်းလုပ်ငန်းများအတွက် စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ် ၄၈.၁၆ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍအတွက် ၁၇.၁၇ ရာခိုင်နှုန်း၊ လယ်ယာကဏ္ဍအတွက် ၉.၈၈ ရာခိုင်နှုန်း၊ ကမ်းပြိုကာကွယ်ရေးအပါအဝင် မီးဘေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကျေးလက် ရေရရှိရေးနှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းများ စသည်တို့အတွက် ၂၄.၇၉ ရာခိုင်နှုန်း ကျခံသုံးစွဲရန် လျာထားခဲ့ကြောင်းလည်း တွေ့ရသည်။




### ကျေနပ်ခြင်းမရှိ

ခွင့်ပြုရန်ပုံငွေများနှင့် ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ရာတွင်မူ အစိုးရအဖွဲ့အပေါ် လွှတ်တော်မှ အားရကျေနပ်ခြင်းမရှိသည်ကိုလည်း တွေ့ရသည်။ လွှတ်တော်ဥက္ကဋ္ဌက ဘတ်ဂျက်တစ်ခုတွင် စီမံခန့်ခွဲမှုအပိုင်းကို အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု ဘတ်ဂျက်ဖြင့် ဒေသဖွံ့ဖြိုးရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဘတ်ဂျက်အတည်ပြုပြီးဖြစ်သဖြင့် မိမိနှင့်မဆိုင်သလို မနေသင့်ကြောင်း၊ ဝင်ရောက်စွက်ဖက်ခြင်းကို ပြောလိုခြင်းမဟုတ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရ၏စီမံခန့်ခွဲမှုနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ၏ တာဝန်ကျေပွန်မှု၊ မကျေပွန်မှုများကို စောင့်ကြည့်ရန်လိုကြောင်း၊ ကိုယ်ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည်ကို သေချာစွာ စောင့်ကြည့်ရန်လိုပြီး အပြောတစ်ခုတည်းမဟုတ်ဘဲ အလုပ်နှင့်ပါ သက်သေပြရမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါက တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်ပြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ဖို့လိုကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ သမ္မတရုံး၏ ညွှန်ကြားချက် (၁/၂၀၁၇) အပေါ် လိုက်နာမှု အားနည်းခြင်းများရှိကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြဝေဖန်ခဲ့ကြသည်။ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု အားနည်းခြင်းသည် ပြည်နယ်အတွက် ထိခိုက်ဆုံးရှုံးများကို ဖြစ်ပေါ်စေကြောင်းလည်း ဆွေးနွေးခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**(ရည်ညွှန်း-ရခိုင်ပြည်နယ်လွှတ်တော်မှထုတ်ဝေသည့် ရခိုင်လွှတ်တော်ဂျာနယ်များ)**

**(ကိုးကား- Development Media Group - www.dmediag.com က ဖော်ပြခဲ့သော ကျွန်းသားငမန်း၏ ဆောင်းပါးမှကောက်နုတ်ဖော်ပြသည်။)**

# ဧရာဝတီတိုင်းလွှတ်တော်ဒုဥက္ကဋ္ဌအား အလွဲသုံးစားလုပ်မှုဖြင့် ပါတီတွင်းစစ်ဆေး

**ဒီဇင်ဘာ ၂၉၊ ၂၀၁၈**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် အသုံးပြုရန် ကား ၅ စီး ဝယ်ယူခဲ့မှုနှင့်ပတ်သက်ပြီး အလွဲသုံးစားမှုပြုလုပ်သည်ဟု တိုင်ကြားခံထားရမှုကြောင့် ပါတီဗဟိုမှ ခေါ်ယူစစ်ဆေးခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးစံမင်းအောင်က ပြောသည်။

ယင်း စုံစမ်းစစ်ဆေးမှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အရံဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ဟိုးက ဦးဆောင်ပြီး အထူးအဖွဲ့ဖွဲ့ကာ စစ်ဆေးခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD) ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က "အထူးအဖွဲ့နဲ့ စစ်ဆေး နေပါတယ်။ စစ်ဆေးမှုရလဒ်ကိုတော့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (CEC)ကို တင်ပြီးမှ ဗဟိုက ဆုံးဖြတ်ပါလိမ့်မယ်"ဟု မဇ္ဈိမသို့ အတည်ပြုပြောဆိုသည်။

**(ကိုးကား-www.mizzimaburmese.com)**

# ဝန်ကြီးဌာနနှစ်ခုအမည် ပြင်ဆင်သတ်မှတ်ရန် တင်ပြချက် ပဲခူးတိုင်းလွှတ်တော် မဲခွဲအတည်ပြု



ဓာတ်ပုံ-ပဲခူးတိုင်းဒေသကြီး ဖေ့စ်ဘွတ်

**ဒီဇင်ဘာ ၂၊ ၂၀၁၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဝန်ကြီးဌာနနှစ်ခုအမည် ပြင်ဆင်သတ်မှတ်လိုမှုကို ကန့် ကွက်မှုများရှိ၍ ထိုင်၊ ထစနစ်ဖြင့် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲများသဖြင့် မူလအဆိုပြုချက် အမည်များအတိုင်း အတည်ပြုကြောင်း တိုင်းလွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

ယခင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနကို လူမှုရေးဝန်ကြီးဌာနဟု လည်းကောင်း၊ ယခင် သယံဇာတ၊ သစ်တော နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟုလည်းကောင်း ပြင် ဆင်ပြောင်းလဲရန် တိုင်းအစိုးရအဖွဲ့က တင်ပြမှုအပေါ် နိုဝင်ဘာ ၂၉ ရက် တိုင်းလွှတ်တော်အစည်းအဝေးက အတည်ပြုခဲ့သည်။

အောက်တိုဘာ ၁၇ ရက်က ပြုလုပ်သည့် တိုင်းလွှတ်တော်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဝန်ကြီးဌာနနှစ်ခု၏အမည်များ ပြင်ဆင်သတ်မှတ်လိုကြောင်း တင်ပြမှုအပေါ် ကန့်ကွက်သူရှိ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အကြံပြုချက်ရယူရန် လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ဆုံးဖြတ်ခဲ့သည်။

သို့သော် နိုဝင်ဘာ ၂၈ ရက် က ပြုလုပ်သည့် တိုင်းလွှတ်တော် အထူးအစည်းအဝေးတွင် ဝန်ကြီးဌာနနှစ်ခု၏အမည်များ ပြင်ဆင်သတ်မှတ်လိုကြောင်း အစိုးရအဖွဲ့ တင်ပြချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ လွှတ်တော်၏သဘောတူညီချက် ရယူပေးရန် နိုင်ငံတော်သမ္မတက လွှတ်တော်သို့ သဝဏ်လွှာပေးပို့ချက်အရ လွှတ်တော်၌ ကိုယ်စားလှယ်များက ထပ်မံဆွေးနွေးခဲ့သည်။

တင်ပြချက်အပေါ် တိုင်း လွှတ်တော်ကိုယ်စားလှယ်လေးဦးအနက် သုံးဦးက အဆိုပါကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေး၍ လွှတ်တော်က ဆုံးဖြတ်ပေးရန်၊ သစ်တောနှင့်သယံဇာတဝန်ကြီးဌာန အနေဖြင့် အလုပ်တာဝန်များပြားသဖြင့် ဌာနတစ်ခု ထပ်မံပူးပေါင်းဖွဲ့စည်းခြင်း မပြုရန်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတစ်ခု သီးခြားဖွဲ့စည်းရန်ဟု ကန့်ကွက်ဆွေးနွေးခဲ့ကြောင်း ဝေါမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က ပြောသည်။

ကန့်ကွက်သူနှင့်ထောက်ခံသူ လွှတ်တော်ကိုယ်စားလှယ်များရှိနေသဖြင့် လွှတ်တော်ဥက္ကဋ္ဌက ထိုင်၊ ထစနစ်အသုံးပြု၍ မဲခွဲဆုံးဖြတ်ရန် ကြေညာခဲ့သည်။

"ကျွန်တော်တို့က လျှို့ဝှက်မဲပေးတဲ့စနစ်နဲ့ ဆုံးဖြတ်ဖို့ တောင်းဆိုတယ်။ လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ ဆန္ဒအရ လျှို့ဝှက်မဲပေးတဲ့စနစ်နဲ့သွားမယ်ဆိုရင် အားလုံးပဲ ကန့်ကွက်ကြမယ့် သဘောရှိပါတယ်။ ဒါပေမယ့် ထိုင်၊ ထစနစ်ပဲ အသုံးပြုသွားတယ်။ ကန့်ကွက်တဲ့သူ မတ်တတ်ရပ်ခိုင်းပြီး ဆန္ဒပြခိုင်းပါတယ်။ ကြားနေတဲ့သူကိုလည်း မတ်တတ်ရပ်ခိုင်းပြီး ဆန္ဒပြခိုင်းပါတယ်။ ထောက်ခံတဲ့သူက ဒီအတိုင်းပဲထိုင်နေဆိုပြီး အဲဒီအတိုင်းပဲ လွှတ်တော်မှာ အတည်ပြုလိုက်တယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းက ရှင်းပြသည်။

ထို့ကြောင့် ကြားနေ ၂၆ မဲ၊ ကန့်ကွက် ငါးမဲနှင့် ထောက်ခံမဲ ၃၆ ဖြင့် အစိုးရအဖွဲ့ တင်ပြချက်အတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

**(ကိုးကား-http://7daydaily.com)**